မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၉] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက် (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်) } သောကြာနေ့ [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၆၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

### ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင် စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်–

" (က) **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့်အစီအစဉ်များကို အများပြည်သူက တိုက်ရိုက်ဖမ်းယူရရှိနိုင်စေရေးအတွက် မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်စက်များ၊ မြေပေါ်မြေအောက်ဆက်ကြောင်းကြိုးများ၊ ဂြိုဟ်တုများမှတစ်ဆင့် ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ ထုတ်လွှင့်ခြင်းကို ဆိုသည်။"

၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၆ တွင်ပါရှိသော "ငွေဒဏ် ကျပ်သိန်းသုံးရာမှ ကျပ်သိန်း ငါးရာအထိ" ဆိုသည့် စကားရပ်ကို "အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၇ တွင်ပါရှိသော "ငွေဒဏ် ကျပ်သိန်းငါးဆယ်မှ ကျပ်သိန်းတစ်ရာအထိ" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၈ တွင်ပါရှိသော "ငွေဒဏ် ကျပ်သိန်းတစ်ရာမှ ကျပ်သိန်းသုံးရာအထိ" ဆိုသည့်စကားရပ်ကို " အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၉ တွင်ပါရှိသော "ငွေဒဏ် ကျပ်သိန်းသုံးရာမှ ကျပ်သိန်းငါးရာအထိ" ဆိုသည့်စကားရပ်ကို " အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်း ၃၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၉၉ ၏ နောက်တွင် ပုဒ်မ ၉၉-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၉၉-က။ မည်သူမဆိုပုဒ်မ ၁၀၆ အရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ အထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"

၈။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၀၅ ၏ နောက်တွင် ပုဒ်မ ၁၀၅-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၀၅-က။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်အမှတ် (၁၉၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

### မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်မိမိမော် အား မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအား ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးအောင်နိုင်မြင့် အား ယနေ့မှစ၍ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။　စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် **မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒါရိုက်တာအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး　　ဥက္ကဋ္ဌ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) ဦးဆောင်ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ်　　အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သမဝါယမဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဈ) ဦးဆောင်ညွှန်ကြားရေးမှူး အတွင်းရေးမှူး
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၈) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၃၃၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်) ကြာသပတေးနေ့သည် “ဒီပါဝလီနေ့” ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၃၃၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ပူးပေါင်းလေ့ကျင့်ရေးဌာနကြီးမှ လက်ထောက်တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် (ကြည်း၊ ရေ၊ လေ ပူးပေါင်းလေ့ကျင့်ရေး) ရေ ၁၃၇၈ ဗိုလ်မှူးချုပ် ကိုကိုကျော် ကို ကာကွယ်ရေး ဝန်ကြီးဌာန၊ ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၃၃၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးဝင်းထိုက် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာမျိုးသန့် | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) ဦးအောင်မြင့်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (ဃ) ဦးနေအောင်ရဲမြင့် | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (င) ဦးဝဏ္ဏဖော် | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးဇော်နိုင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (ခ) ဦးမျိုးဇော်ဇော်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်ကြော်ငြာစာအမှတ် (၃၄၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

### တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထိရောက်စွာကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန်အတွက်လည်းကောင်း၊ သက်ဆိုင်ရာ တရားရုံးများတွင် ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုခံထားရသူများကို ကိုဗစ်–၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကြောင့် ရုံးထုတ်စစ်ဆေးနိုင်ခြင်းမရှိ၍ ချုပ်ရက်များရှည်ကြာနေသောကြောင့် ၎င်းတို့၏ အခွင့်အရေးမဆုံးရှုံးစေရန် ထောက်ထားညှာတာ၍လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အမိန့်အမှတ် ၁၄၇/၂၀၂၁ နှင့် ၁၇၂/၂၀၂၁ တို့ကို ထုတ်ပြန်၍ ယင်းအမိန့်များပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို သက်ညှာစွာဖြင့် အမှုများ

ပိတ်သိမ်းပေးခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိနေသည့် တရားရုံးများတွင် စစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများကို မှန်ကန်၊မြန်ဆန်ပြီးတရားမျှတစွာစစ်ဆေးဆောင်ရွက်နိုင်ရေးနှင့်တရားစွဲဆိုခံထားရသူများ၏အခွင့်အရေး မဆုံးရှုံးစေရေးတို့အတွက် **တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာ မှုခင်းများ တရားစီရင်ရေး အထောက်အကူပြု အဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒေါက်တာသီတာဦး<br>ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးထင်ကျော်<br>အတွင်းရေးမှူး<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဃ) | ဦးကိုကိုနိုင်<br>အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| ( င ) | ဒေါ်တင်နွယ်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| ( စ ) | ဒေါ်ဖြူမာဝေ<br>ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ရဲဗိုလ်ချုပ် အောင်နိုင်သူ<br>ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ရဲမှူးကြီး ကျော်လင်း<br>ညွှန်ကြားရေးမှူး<br>မှုခင်းဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ဗိုလ်ချုပ် စိုးတင့်နိုင်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့သည် တရားရုံးများတွင်စစ်ဆေးဆဲဖြစ်သည့်ပြစ်မှုဆိုင်ရာမှုခင်းများကိုတရားမျှတမှုရှိစွာဖြင့်မှန်မှန်နှင့်မြန်မြန်ဆောင်ရွက်နိုင်ရေး မိမိတို့၏ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ရန်နှင့် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ရာတွင်

အခက်အခဲ သို့မဟုတ် အားနည်းချက်တစ်စုံတစ်ရာရှိပါက အဖွဲ့ဝင်အချင်းချင်းချိတ်ဆက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှုခင်းများ မှန်ကန်၊ မြန်ဆန်စွာ ပြီးပြတ်အောင် ဆောင်ရွက်ရန်ဖြစ်သည်။

၃။ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားရုံးများ ရုံးချိန်းအတွင်း အပြည့်အဝ ရုံးထိုင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊

( ခ ) တရားစွဲအဖွဲ့အစည်းများက တရားစွဲတင်ရာတွင် အမှုနှင့်ပတ်သက်သည့် သက်သေခံ အထောက်အထားများ၊ သက်သေခံပစ္စည်းများ ပြည့်စုံစွာ တင်ပြစေရန် ကြပ်မတ်ခြင်း၊

( ဂ ) တရားရုံးကဆင့်ဆိုသည့် သက်သေများ ရုံးချိန်းရက်တွင် သက်သေခံနိုင်ရေးအတွက် သမ္မန်စာများ စနစ်တကျဆင့်ဆို အတည်ပြုဆောင်ရွက်ရန် ကြပ်မတ်ခြင်း၊

(ဃ) တရားရုံးကထုတ်ဆင့်သည့် လူဖမ်းဝရမ်းများ၊ ပစ္စည်းရှာဝရမ်းများ၊ ပစ္စည်းသိမ်းဝရမ်းများကို စနစ်တကျ အတည်ပြုပြီး သတ်မှတ်ရက်တွင် တရားရုံးသို့တင်ပို့ရန် ကြပ်မတ်ခြင်း၊

( င ) အချုပ်တရားခံများ အချိန်မီရုံးရှေ့တင်ပို့ရန် ကြပ်မတ်ခြင်း၊

( စ ) စစ်ဆေးဆဲအမှုနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်သည့်သဘောသက်ရောက်သော ဆောင်ရွက်မှုမျိုးမရှိစေရေး သတိပြုဆောင်ရွက်ရန်နှင့် တရားရုံး၏ စစ်ဆေးစီရင်ခြင်းကို မထိခိုက်စေဘဲ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများတွင် အခက်အခဲများဖြစ်ပေါ်လာပါက ပေါင်းစပ်ညှိနှိုင်း၍ မှန်ကန်၊ မြန်ဆန်အောင် ဆောင်ရွက်ပေးခြင်း။

၄။ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တစ်လတစ်ကြိမ် တင်ပြရမည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၄၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

**ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့်**
**အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့်

အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ (Chemical Weapons Convention – CWC National Authority) ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဌာနကြီးမှူး<br>ကာကွယ်ရေးသုံးဒြပ်ပစ္စည်းနှင့် စက်ကိရိယာဌာနကြီး<br>ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပါမောက္ခချုပ်<br>တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယတပ်ဖွဲ့မှူး<br>မူခင်းရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (အမျိုးသားဓာတ်ခွဲခန်း)<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယပါမောက္ခချုပ်<br>မန္တလေးနည်းပညာတက္ကသိုလ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ဍ ) | ညွှန်ကြားရေးမှူး<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ညွှန်ကြားရေးမှူး<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး<br>ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူး (ကုန်ထုတ်)<br>မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူး<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဓ ) | ပါမောက္ခ/ဌာနမှူး<br>ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | ညွှန်ကြားရေးမှူး<br>စီမံဌာန (ရုံးချုပ်)၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ပ ) | ဒုတိယညွှန်ကြားရေးမှူး (အမျိုးသားဓာတ်ခွဲခန်း)<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဖ ) | ဒုတိယညွှန်ကြားရေးမှူး<br>လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဗ ) | ညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေး အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention – CWC) နှင့် ကိုက်ညီသော ဥပဒေ၊ နည်းဥပဒေများရေးဆွဲ၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အကူအညီပေးခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့များ လာရောက်စစ်ဆေးပါက လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး အကူအညီပေးခြင်း၊

(ဂ) နယ်သာလန်နိုင်ငံ၊ The Hague မြို့ရှိ OPCW ဌာနချုပ်သို့ နှစ်စဉ်ကြေညာရမည့် အဆိပ်ဖြစ်စေသည့် ဓာတုပစ္စည်းများ၏ အမည်စာရင်းနှင့် အရေအတွက်အား စာရင်းစုဆောင်းခြင်းနှင့် ကြေညာပေးခြင်း၊

(ဃ) ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention – CWC) အရ သတ်မှတ်ထားသော အဆိပ်ဖြစ်စေသည့် Schedule Chemicals များနှင့်သက်ဆိုင်သည့် လုပ်ဆောင်ချက်များအတွက် ခွင့်ပြုမိန့် ထုတ်ပြန်ပေးခြင်း၊

(င) ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention – CWC) အဖွဲ့ဝင်နိုင်ငံများ၊ အခြားအဖွဲ့အစည်းများအကြား ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention – CWC) ၏လုပ်ငန်းတာဝန်များအား ကျေပွန်စွာဆောင်ရွက်နိုင်ရန် သင့်လျော်သည့် သတင်းအချက်အလက်များ မျှဝေနိုင်ရေး အကူအညီပေးခြင်း၊

(စ) နိုင်ငံတွင်း ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention – CWC) ၏ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းဥပဒေများဖြင့် ထိန်းချုပ်ခြင်း၊ ကြီးကြပ်ခြင်းများ ဆောင်ရွက်ခြင်း၊

(ဆ) အမျိုးသားအဆင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များ (National Inspectors) အတွက် လိုအပ်သော လမ်းညွှန်မှုများ ထုတ်ပြန်ပေးခြင်း၊

(ဇ) လုပ်ငန်းများအတွက် အသုံးစရိတ်များအား စည်းကြပ်ရန်နှင့် ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ် (Chemical Weapons Convention – CWC) ၏လုပ်ငန်းများနှင့်စပ်လျဉ်းသော မည်သည့်ဖြစ်ရပ်များအတွက်မဆို လုပ်ဆောင်ခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၈) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၃၄၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

**ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အမျိုးသားအဆင့်

အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ (Biological Weapons Convention – BWC National Authority) ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဌာနကြီးမှူး<br>အထူးစစ်ဆင်ရေးဆိုင်ရာ ဆေးဘက်သုတေသနဌာနကြီး<br>တပ်မတော်ဆေးသုတေသနတပ်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အထွေထွေမန်နေဂျာ<br>မြန်မာ့ဆေးဝါးလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပါမောက္ခ/ဌာနမှူး<br>သတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ဇီဝနည်းပညာသုတေသနဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး (ရောဂါဗေဒ)<br>အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)<br>ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယရဲမှူးကြီး<br>လက်နက်ခဲယမ်းနှင့် ပေါက်ကွဲမှုစစ်ဆေးရေးဌာန<br>မှုခင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူး<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဌ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဍ) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ဇီဝနည်းပညာသုတေသနဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Biological Weapons Convention) ဆိုင်ရာ အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရန်နှင့် အခြားလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အဆိုပြုတင်ပြခြင်း၊

(ခ) ဥပဒေ၊ နည်းဥပဒေများ အကျိုးသက်ရောက်မှုရှိနိုင်စေရန် အကြံပြုခြင်း၊ စောင့်ကြည့်စစ်ဆေးပေးခြင်းများအား ဆောင်ရွက်ခြင်း၊

(ဂ) ဇီဝပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုနိုင်စေရန် ခွင့်ပြုချက်လိုင်စင်များ သတ်မှတ်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊

(ဃ) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးဆိုင်ရာ စီမံခန့်ခွဲနေမှုများအား အတည်ပြုစစ်ဆေးနိုင်ရေးအတွက် အမျိုးသားစနစ်တစ်ခု ထူထောင်နိုင်ရန် ဆောင်ရွက်ခြင်း၊

(င) ဇီဝပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ အဆိပ်များနှင့် နှစ်မျိုးသုံးပစ္စည်းများ၊ ကိရိယာနှင့် နည်းပညာများအား ပြည်တွင်းပြည်ပသို့ လွှဲပြောင်းမှုများအား စောင့်ကြည့်စစ်ဆေးပေးခြင်းများဆောင်ရွက်ခြင်း၊

(စ) ဇီဝဆိုင်ရာ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်မည့် အမျိုးသားစနစ်တစ်ခု ဖန်တီးခြင်းနှင့် ပြုပြင်ထိန်းသိမ်းပေးခြင်းများအား ဆောင်ရွက်ခြင်း၊

(ဆ) ဆောင်ရွက်ပြီးသော လုပ်ငန်းစဉ်များအား ပြည်ထောင်စုအစိုးရအဖွဲ့သို့ အချိန်မှန် အစီရင်ခံစာပေးပို့ခြင်း၊

(ဇ) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Biological Weapons Convention–BWC) နှင့်သက်ဆိုင်သော အကြောင်းအရာကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံပြုခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဈ) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ရေး အထောက်အကူပြုအဖွဲ့ (Biological Weapons Convention Implementation Support Unit) အတွက် အမျိုးသားအဆင့် အဆက်သွယ်ပြုနိုင်သူ (National Point of Contact) အဖြစ် ဆောင်ရွက်ခြင်း၊

(ည) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Biological Weapons Convention–BWC) နှင့်ဆိုင်သော နိုင်ငံတကာတာဝန်ဝတ္တရားများ (Obligations) အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်သော သတင်းအချက်အလက်များအား အခြားစာချုပ်ဝင်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့ အစည်းများသို့ ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဋ) ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် (Biological Weapons Convention – BWC) အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အတွေ့အကြုံများအား မျှဝေခြင်းနှင့် ကူညီပံ့ပိုးမှု များအား ဆောင်ရွက်ခြင်း၊

(ဌ) လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် နှစ်စဉ်တင်သွင်းရမည့် ဇီဝလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာ ယုံကြည်မှုတည်ဆောက်ရေးအစီအမံများ (Confidence Building Measures–CBMs) အား အသင့်ပြင်ဆင်ခြင်းနှင့် အချိန်မီတင်သွင်းပေးပို့နိုင်ရန် ဆောင်ရွက်ခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၈) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၃၄၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

## အမျိုးသားစံချိန်စံညွှန်းကောင်စီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အမျိုးသားစံချိန်စံညွှန်းကောင်စီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (စ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးစိန်သောင်းဦး<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု<br>လုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဍ) | ဦးထင်အောင်ခိုင်<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | အဖွဲ့ဝင် |
| (ဎ) | ဒေါက်တာ ကျော်ကျော်မိုး<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာ ချိုဝင်းမော်<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | အဖွဲ့ဝင် |
| (တ) | ဒေါက်တာ စိန်မြင့်<br>ဥက္ကဋ္ဌ<br>Supreme Group of Companies and Member of Society of<br>Petroleum Engineering (United States) | အဖွဲ့ဝင် |
| (ထ) | ဦးတင်ထွဋ်<br>ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)<br>မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန (ယခင်)<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဒ) ဒေါက်တာ သန်းထွဋ်  အဖွဲ့ဝင်
ဂုဏ်ထူးဆောင်ပါမောက္ခ
လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာန
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်
ကျန်းမာရေးဝန်ကြီးဌာန
ဥက္ကဋ္ဌ၊ လုပ်ငန်းခွင်ဆေးပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

(ဓ) ဒေါက်တာ မြမြဦး  အဖွဲ့ဝင်
ပါမောက္ခချုပ် (အငြိမ်းစား)
ရန်ကုန်နည်းပညာတက္ကသိုလ်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူးချုပ်  အတွင်းရေးမှူး
သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၅-၆-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၇၃/၂၀၁၈)၊ ၂၄-၇-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၅/၂၀၁၉) နှင့် ၁၈-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၄၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖွဲ့စည်းခြင်း**

သတင်းမီဒီယာဥပဒေပုဒ်မ ၁၃ အရ **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) ဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး)  ဥက္ကဋ္ဌ
(၂) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)  ဒုတိယဥက္ကဋ္ဌ(၁)
(၃) ဦးတင်မောင်ဦး (ကြို့ပင်ကောက်တင်မောင်ဦး)  ဒုတိယဥက္ကဋ္ဌ(၂)
(၄) ဒေါက်တာအေးမင်း (ဒေါက်တာအောင်ထက်-ဆေး ၁)  ဘဏ္ဍာရေးမှူး
(၅) ဒေါ်မြင့်မြင့်သိန်း  စာရင်းစစ်
(၆) ပါမောက္ခဒေါက်တာမြသိန်းဟန်  ကောင်စီဝင်

| | | |
|---|---|---|
| (၇) | ဒေါက်တာတင်အောင်ရွှေ (တင်အောင်ရွှေ သုတေသီ) | ကောင်စီဝင် |
| (၈) | ဒေါက်တာတင်ထွန်း (သထုံတင်ထွန်း) | ကောင်စီဝင် |
| (၉) | ဒေါက်တာဇော်သန်း | ကောင်စီဝင် |
| (၁၀) | ဦးရဲအောင်မြင့် | ကောင်စီဝင် |
| (၁၁) | ဒေါ်ခင်သန်းနွဲ့ (မမလားရှိုး) | ကောင်စီဝင် |
| (၁၂) | ဦးနေလင်း (မောင်ချိုဝေ) | ကောင်စီဝင် |
| (၁၃) | ဦးတင်အေး (လပြည့်ဝန်းအောင်ကျော်) | ကောင်စီဝင် |
| (၁၄) | ဦးငွေအောင် | ကောင်စီဝင် |
| (၁၅) | ဦးအေးချမ်း | ကောင်စီဝင် |
| (၁၆) | ဦးအောင်ပြည့်စုံ | ကောင်စီဝင် |
| (၁၇) | ဦးဇေယျာမြတ်ခိုင် | ကောင်စီဝင် |
| (၁၈) | ဦးစိုးမင်း (ရန်ကင်းစိုးမင်း) | ကောင်စီဝင် |
| (၁၉) | ဦးနေထွန်းဝင်း (နောင်ရဲဦး) | ကောင်စီဝင် |
| (၂၀) | ဒေါ်ချိုအိဇင် (နွေဦးလင်း) | ကောင်စီဝင် |
| (၂၁) | ဦးရဲနိုင်စိုး | တွဲဖက်အတွင်းရေးမှူး(၁) |
| (၂၂) | ဦးသက်နိုင်ဦး | တွဲဖက်အတွင်းရေးမှူး(၂) |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၃၄၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

### မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၄၅/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်တွင် အဖွဲ့ဝင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် **အစား** မူပိုင်ခွင့်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား အဖွဲ့ဝင်အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

**နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ**

**(National Economic Co–ordination Committee) ဖျက်သိမ်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၂၀ ဖြင့် ဖွဲ့စည်းခဲ့သော **နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (National Economic Coordination Committee)** ကို ဖျက်သိမ်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ**

**(ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

**၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဆပ်ကော်မတီများ ဖွဲ့စည်းခြင်း**

၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ** အောက်တွင် အောက်ဖော်ပြပါ ဆပ်ကော်မတီ (၁၀) ခုအား ဖွဲ့စည်းလိုက်သည်–

(က) **နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံ အလေးပြုပွဲ စစ်ရေးပြဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | တိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | ဥက္ကဋ္ဌ |
| (၂) | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၃) | ဒုတိယတိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |

(၅) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(၆) ရဲဦးစီးအရာရှိချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(၈) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(၉) ဒုတိယကျောင်းအုပ်ကြီး — အဖွဲ့ဝင်
အမှတ် (၂) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း

(၁၀) စစ်ဗျူဟာမှူး — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၁၁) ယာဉ်ထိန်းတပ်ဖွဲ့မှူး — အဖွဲ့ဝင်
နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့

(၁၂) လက်ထောက်တပ်ထိန်းချုပ် — အဖွဲ့ဝင်
တပ်ထိန်းချုပ်ရုံး

(၁၃) ဦးစီးဗိုလ်မှူးကြီး(စစ်ရေး) — အတွင်းရေးမှူး
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၁၄) ဦးစီးအရာရှိ(ပထမတန်း)(စစ်ရေး) — တွဲဖက်အတွင်းရေးမှူး
နေပြည်တော်တိုင်းစစ်ဌာနချုပ်

( ခ ) နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲစစ်ရေးပြဆပ်ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲစစ်ရေးပြကို စနစ်တကျကျင်းပနိုင်ရေး ဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်အလံအလေးပြုပွဲစစ်ရေးပြတွင် လွတ်လပ်ရေးနေ့ သဝဏ်လွှာ ဖတ်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားသို့ တိုင်းရင်းသား/တိုင်းရင်းသူများ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၄) သတင်းထုတ်ပြန်ရေးနှင့် လုံခြုံရေးအစီအမံများကို ညှိနှိုင်းဆောင်ရွက်ရန်၊

(၅) လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်။

( ဂ ) **နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ**

(၁) ဥက္ကဋ္ဌ — ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

(၂) ဒုတိယမြို့တော်ဝန် — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

| | | |
|---|---|---|
| (၃) | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | ဌာနကြီးမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | ဌာနမှူး၊ အင်ဂျင်နီယာဌာန (လမ်းတံတား)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) | ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၇) | ဌာနမှူး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၉) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ဥတ္တရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ဒက္ခိဏခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |
| (၁၂) | အတွင်းရေးမှူး<br>နေပြည်တော်ကောင်စီ | တွဲဖက်အတွင်းရေးမှူး |

(ဃ) နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) အခမ်းအနားတက်ရောက်မည့် ပုဂ္ဂိုလ်များစာရင်းအား ကြိုတင်ခွင့်ပြုချက်ရယူ၍ ဖိတ်စာများ၊ ရင်ထိုးတံဆိပ်များ အချိန်မီ ပေးပို့ဖိတ်ကြားနိုင်ရေး ဆောင်ရွက်ရန်၊

(၂) အခမ်းအနားတက်ရောက်သူများကို ကြိုဆိုနေရာချထားရေးဆောင်ရွက်ရန်၊ လူထုပရိသတ်များ အတွက် သက်ဆိုင်ရာအကွက်ချပုံစံများအလိုက် သတ်မှတ်အမှတ်အသားများ၊ လမ်းညွှန် ဆိုင်းဘုတ်များ ရေးဆွဲချထားပေးရန်နှင့် ကြိုဆိုနေရာချထားရေးအဖွဲ့ငယ်များ ဖွဲ့စည်း၍ စနစ်တကျ နေရာချထားပေးရန်၊

(၃) လုံခြုံရေးကိစ္စရပ်များနှင့် သန့်ရှင်းရေး၊ ရောဂါအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များကို သက်ဆိုင်ရာ ဆပ်ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၄) လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို အများပြည်သူမြင်သာအောင် ဆိုင်းဘုတ် ကြီးများ ခံ့ညားထည်ဝါစွာ ရေးဆွဲပြီး သတ်မှတ်နေရာများ၌ ကြိုတင်စိုက်ထူရန်၊

(၅) ပြည်တွင်း/ပြည်ပ သတင်းဌာနများမှ တက်ရောက်သတင်းယူနိုင်ရေးအတွက် ကြိုတင် ဆောင်ရွက်ပေးရန်။

(င) **လွတ်လပ်ရေးနေ့ ညီ့ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | တွဲဖက်စစ်ထောက်ချုပ်<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (၃) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုလွှတ်တော်ရုံး | အဖွဲ့ဝင် |
| (၄) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>အိမ်တော်များဌာနကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| (၆) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၇) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | တပ်ဖွဲ့မှူး<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | စစ်ဦးစီးမှူး (ပထမတန်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)<br>စစ်ဆင်ရေးနှင့် သုတေသနဌာန၊ စစ်ဆင်ရေးဌာနခွဲ | အဖွဲ့ဝင် |
| (၁၂) | စစ်ဦးစီးမှူး (ပထမတန်း)<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(စ) လွတ်လပ်ရေးနေ့ညီ့ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အခမ်းအနားသို့တက်ရောက်မည့် ပုဂ္ဂိုလ်များစာရင်းအား ကြိုတင်ခွင့်ပြုချက်ရယူ၍ ဖိတ်စာများ အချိန်မီ ပေးပို့ဖိတ်ကြားနိုင်ရေး ဆောင်ရွက်ရန်၊

(၂) အခမ်းအနားတက်ရောက်သူများကို ကြိုဆိုနေရာချထားရေး ဆောင်ရွက်ရန်၊

(၃) ညီ့ခံကျွေးမွေးရေးကိစ္စရပ်များ ဆောင်ရွက်ရန်၊

(၄) ဖျော်ဖြေရေးကိစ္စရပ်များ ဆောင်ရွက်ရန်၊

(၅) အခမ်းအနားပြင်ဆင်ရေးကိစ္စရပ်များ ဆောင်ရွက်ရန်၊

(၆) လုံခြုံရေးကိစ္စရပ်များ၊ လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် သန့်ရှင်းရေး၊ ရောဂါအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များကို သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

(ဆ) **မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ**

(၁) စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူး — ဥက္ကဋ္ဌ
စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(၃) ဒုတိယစစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး — အဖွဲ့ဝင်
(စစ်မြေပြင်အင်ဂျင်နီယာ)
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး

(၄) တိုင်းဦးစီးချုပ် — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၅) စစ်ဦးစီးမှူး (ပထမတန်း) — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)
စီမံရေးနှင့် တာဝန်ဌာန၊ တာဝန်ဌာနခွဲ

(၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နေပြည်တော်မီးသတ်ဦးစီးမှူးရုံး

(၇) လက်ထောက်ဆရာဝန် — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(၈) တပ်မှူး — အတွင်းရေးမှူး
ပင်မခဲယမ်းမီးကျောက်တပ် (တောင်တွင်းကြီး)

(၉) တပ်ရင်းမှူး — တွဲဖက်အတွင်းရေးမှူး
အမှတ် (၂) စစ်လက်နက်ပစ္စည်းတပ်ရင်း

(ဇ) မီးရှူးမီးပန်းများပစ်ဖောက်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မီးရှူးမီးပန်းများ အချိန်မီ စုဆောင်းဆောင်ရွက်ရန်၊

(၂) မီးရှူးမီးပန်းများ ပစ်ဖောက်မည့် အစီအမံများ ရေးဆွဲတင်ပြရန်၊

(၃) မီးရှူးမီးပန်းများ ပစ်ဖောက်မည့် ပစ်စင်နေရာများ၊ အကွာအဝေးနေရာများ သတ်မှတ်တင်ပြရန်၊

(၄) မီးရှူးမီးပန်းများ ကောင်းမွန်စွာ ပေါက်ကွဲမှုရှိစေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျပစ်ဖောက်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

(ဈ) **လုံခြုံရေးဆပ်ကော်မတီ**

(၁) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ကောင်စီဝင် — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(၃) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန

(၆) ဦးစီးဗိုလ်မှူးကြီး (စစ်ရေးဌာန) — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၇) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
သတင်းရဲတပ်ဖွဲ့

(၈) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
ယာဉ်ထိန်းရဲတပ်ဖွဲ့

(၉) စစ်ဦးစီးမှူး (ပထမတန်း) — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)
စစ်ဆင်ရေးနှင့် သုတေသနဌာန၊ စစ်ဆင်ရေးဌာနခွဲ

(၁၀) စစ်ဦးစီးမှူး (ပထမတန်း) — အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(၁၁) တပ်မှူး — အဖွဲ့ဝင်
အမှတ် (၁၁) တပ်ထိန်းတပ်ခွဲ

(၁၂) ဒုတိယရဲချုပ် — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(၁၃) ကွပ်ကဲရေးမှူး — တွဲဖက်အတွင်းရေးမှူး
လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့

(ည) လုံခြုံရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) နေပြည်တော်၌ ကျင်းပမည့် လွတ်လပ်ရေးနေ့အခမ်းအနားများနှင့်စပ်လျဉ်း၍ လုံခြုံရေးဆောင်ရွက်ရာ၌ နေရာလုံခြုံရေး၊ လမ်းကြောင်းလုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေးနှင့် ယာဉ်တန်းလုံခြုံရေး၊ နယ်မြေလုံခြုံရေး၊ အရေးပေါ်လုံခြုံရေး၊ မီးဘေးလုံခြုံရေး၊ သံတမန်များ တည်းခိုနေထိုင်ရာ ဟိုတယ်လုံခြုံရေးတို့ကို လုံခြုံမှုအပြည့်အဝရှိစေရေး ဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပမည့် နေပြည်တော်မြို့တော်ခန်းမရင်ပြင်နှင့် ညစာစားပွဲအခမ်းအနားကျင်းပမည့် အိမ်တော်မြက်ခင်းပြင် နေရာတို့၌ မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံရေးအထောက်အကူပြုပစ္စည်းများဖြင့် လုံခြုံမှုအပြည့်အဝရှိစေရေး ဆောင်ရွက်ရန်။

( ဋ ) **ပြန်ကြားရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (၅) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စာတိုက်လုပ်ငန်း | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးစီးအရာရှိ (ပထမတန်း)<br>ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (၈) | ဦးစီးအရာရှိ (ပထမတန်း)<br>လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (၉) | အတွင်းရေးမှူး<br>မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး (ဗဟို) | အဖွဲ့ဝင် |
| (၁၀) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အင်ဂျင်နီယာဌာန (လမ်းတံတား)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အတွင်းရေးမှူး |

( ဌ ) ပြန်ကြားရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပို့စကတ်နှင့် တံဆိပ်ခေါင်းများကို အများပြည်သူတို့ အမှတ်တရ သုံးစွဲနိုင်ရေး သင့်တော်သည့် ဈေးနှုန်းဖြင့် အချိန်မီထုတ်ဝေနိုင်ရေး ဆောင်ရွက်ရန်၊

(၂) အချိန်မီသတင်းထုတ်ပြန်နိုင်ရေးနှင့် မှတ်တမ်းတင်ရေးကိစ္စများ ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) လွတ်လပ်ရေးနေ့ ဂုဏ်ပြုဓာတ်လမ်းများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၄) လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် ထုတ်လွှင့်ဖော်ပြပေးရန်။

( ဍ ) **လွတ်လပ်ရေးနေ့သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |

| | | |
|---|---|---|
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | အထွေထွေမန်နေဂျာ<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုလွှတ်တော်ရုံး | အဖွဲ့ဝင် |
| (၉) | အဖွဲ့ဝင်<br>မြန်မာ့သမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

( ခ ) လွတ်လပ်ရေးနေ့သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့မည့် လွတ်လပ်ရေးနေ့သဝဏ်လွှာ (မူကြမ်း) ကို ပြင်ဆင်၊ ဖြည့်စွက်၊ အတည်ပြုနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပြီးနောက် ဆောလျင်စွာ ရေးသားပြုစုပြီး သဝဏ်လွှာနှင့် မိန့်ခွန်းများ စိစစ်တည်းဖြတ်ရေးအဖွဲ့သို့ တင်ပြသွားရန်၊

(၂) သဝဏ်လွှာနှင့် မိန့်ခွန်းများစိစစ်တည်းဖြတ်ရေးအဖွဲ့၏ အတည်ပြုချက်ရရှိပါက သက်ဆိုင်ရာသို့ အချိန်မီ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ရန်။

(ဏ) **ကျန်းမာရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုစက်)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) — အဖွဲ့ဝင်
ကုသရေးဦးစီးဌာန

(၅) ဆေးရုံအုပ်ကြီး — အဖွဲ့ဝင်
နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)

(၆) နေပြည်တော်ကုသရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်

(၈) ဌာနမှူး — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၉) ဦးစီးအရာရှိ (ပထမတန်း) — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၁၀) ဌာနမှူး — အဖွဲ့ဝင်
ကျန်းမာရေးဌာန
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၁၁) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကုသရေးဦးစီးဌာန

(တ) ကျန်းမာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ညစာစားပွဲကျင်းပရာတွင် လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ကူးစက်ရောဂါအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ညှိနှိုင်း ဆောင်ရွက်ရန်၊

(၂) အခမ်းအနားကျင်းပမည့် နေရာများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် လိုအပ်ပါက ပိုးသတ် ဆေးများ ဆေးဖျန်းဆောင်ရွက်ရန်နှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ရန်၊

(၃) သောက်သုံးရေသန့်ရှင်းရေး စစ်ဆေးကြီးကြပ်ဆောင်ရွက်ရန်နှင့် ညစာစားပွဲတွင် ဧည့်သည်တော် များအား ကျွေးမွေးမည့် အစားအသောက်နမူနာများ ရယူ၍ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးရန်၊

(၄) အစားအစာ ကိုင်တွယ်ချက်ပြုတ်မည့်သူများအား ကျန်းမာရေးစစ်ဆေးမှုများ ကြိုတင်ပြုလုပ်ရန်၊

(၅) အခမ်းအနားများတွင် လိုအပ်ပါက ဆေးကုသမှုပေးခြင်းနှင့် လူနာလွှဲပြောင်းကုသပေးနိုင်ရေး အတွက် ဆေးအဖွဲ့နှင့် သူနာတင်ယာဉ်ထားရှိ ဆောင်ရွက်ရန်၊

(၆) ကူးစက်တတ်သောရောဂါများ မဖြစ်ပွားစေရန် ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊ ဖြစ်ပွားပါက ကူးစက်မှုမပြန့်ပွားရေးအတွက် အချိန်မီကုသခြင်းနှင့် စောင့်ကြပ် ကြည့်ရှုခြင်း ဆောင်ရွက်ရန်၊

(၇) နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့် ပြည်သူ့ဆေးရုံကြီး၊ ပျဉ်းမနားမြို့တို့တွင် အတွင်းလူနာများ တက်ရောက်ကုသနိုင်ရေးနှင့် အရေးပေါ်ကိစ္စရပ်များအတွက် အသင့် ကြိုတင် ပြင်ဆင်ထားရှိရန်၊

(၈) အခြားဆပ်ကော်မတီများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရန်။

(ထ) **အားကစားပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | ဒု-ဥက္ကဋ္ဌ |
| (၃) | အမြဲတမ်းအတွင်းဝန်<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | အမြဲတမ်းအတွင်းဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ဝန်ကြီးဌာန၊ အဖွဲ့အစည်း) | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး<br>လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁)<br>အားကစားနှင့် ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပျဉ်းမနားမြို့နယ် | အဖွဲ့ဝင် |
| (၁၂) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တပ်ကုန်းမြို့နယ် | အဖွဲ့ဝင် |
| (၁၃) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ဝေးမြို့နယ် | အဖွဲ့ဝင် |
| (၁၄) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇေယျာသီရိမြို့နယ် | အဖွဲ့ဝင် |
| (၁၅) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇမ္ဗူသီရိမြို့နယ် | အဖွဲ့ဝင် |
| (၁၆) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ် | အဖွဲ့ဝင် |
| (၁၇) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ် | အဖွဲ့ဝင် |

(၁၈) မြို့နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒက္ခိဏသီရိမြို့နယ်

(၁၉) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အားကစားနှင့် ကာယပညာဦးစီးဌာန

( ဒ ) အားကစားပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ကျင်းပဆောင်ရွက်ရန်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များအလိုက် အားကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်ရေးနှင့် နေပြည်တော်ရှိ ဝန်ထမ်းမိသားစုအိမ်ရာ အနီးပတ်ဝန်းကျင်တွင်လည်း အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို လှုပ်ရှားတက်ကြွစွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊

(၂) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဖြစ် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရာတွင် အများပြည်သူအသုံးပြု နေသည့် လမ်းများအား ပိတ်ဆို့၍ဆောင်ရွက်ခြင်း မပြုလုပ်စေရန်နှင့် စာသင်ကျောင်းများနှင့် အားကစားကွင်းများ၌သာ ကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန်။

( ဓ ) **စာရင်းစစ်ဆေးရေးဆပ်ကော်မတီ**

(၁) အမြဲတမ်းအတွင်းဝန် ဥက္ကဋ္ဌ
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၂) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၃) ဒုတိယညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၄) လက်ထောက်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

( န ) စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ကော်မတီအလိုက် ရငွေနှင့် အသုံးစရိတ်များကို ရန်ပုံငွေထုတ်ပေးသည့် ဌာနအဖွဲ့အစည်း၏ ထုတ်ယူငွေများဖြင့် ဆက်စပ်စစ်ဆေးရန်၊

(၂) ဆပ်ကော်မတီများ၏ ငွေထုတ်ယူမှုများတွင် ဗဟိုကော်မတီ၏ ခွင့်ပြုချက် ပါ မပါ စစ်ဆေးရန်၊

(၃) အသုံးစရိတ်ရှင်းတမ်းများနှင့် ပြေစာအထောက်အထားများ အချိန်မီတင်ပြနိုင်မှု အခြေအနေအား စစ်ဆေးရန်၊

(၄) သုံးစွဲငွေများအတွက် အသုံးစရိတ်ပြေစာများ ပြည့်စုံစွာ ရှိ မရှိ နှင့် အသုံးစရိတ်အတွက် ခွင့်ပြုပိုင်ခွင့်ရှိသူက ခွင့်ပြုထားခြင်း ဟုတ် မဟုတ် စစ်ဆေးရန်၊ (အသုံးစရိတ်ပြေစာပေါ်တွင် ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၏ ခွင့်ပြုလက်မှတ် သို့မဟုတ် ယင်းတို့မှ တာဝန်အပ်နှင်း ထားသူ၏ ခွင့်ပြုလက်မှတ်ပါရှိရန် လိုအပ်ပါသည်။)

(၅) ပိုလျှံငွေများ ပေါ်ပေါက်ပါက အချိန်မီ ပြန်လည်အပ်နှံပေးသွင်းထားမှု ရှိ မရှိ စစ်ဆေးရန်၊

(၆) လက်ကျန်ပစ္စည်းများ၊ ဆယ်တင်ပစ္စည်းများကို စနစ်တကျ မှတ်တမ်းတင်ထိန်းသိမ်းထားမှုအား စစ်ဆေးရန်၊

(၇) စစ်ဆေးတွေ့ရှိချက်များကို ဗဟိုကော်မတီထံ အစီရင်ခံစာ တင်ပြရန်။

ဇော်သန်းသင်း
အတွင်းရေးမှူး
(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၈၁၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

### နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသည့် နိုင်ငံခြားသားနှင့် မြန်မာနိုင်ငံသားဟောင်းများအား လိုအပ်ချက်နှင့်အညီ စနစ်တကျရွေးချယ်စိစစ်ခွင့်ပြုခြင်းအတွက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ တာဝန်များကို အထောက်အကူပြုနိုင်ရန် **နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) အမြဲတမ်းအတွင်းဝန် — ဥက္ကဋ္ဌ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ
ဥပဒေရေးရာဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ဒုတိယရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

( ဇ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်သမားဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပညာရေး၊ သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

( ဋ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဌ ) တွဲဖက်အတွင်းရေးမှူး အဖွဲ့ဝင်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

( ဍ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမြဲနေထိုင်ခွင့် လျှောက်ထားချက်များကို စိစစ်၍ အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ တင်ပြခြင်း၊

( ခ ) အမြဲနေထိုင်ခွင့် သက်တမ်းတိုးလျှောက်ထားခြင်းကို စိစစ်အတည်ပြုခြင်း၊

( ဂ ) အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းအတည်ပြု မှတ်ပုံတင်ခြင်း၊ ပျောက်ဆုံး၊ ပျက်စီးခြင်းအတွက် မိတ္တူထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် တင်ပြချက်များကို အတည်ပြုခြင်း၊

(ဃ) အမြဲနေထိုင်ခွင့်လက်မှတ်ရရှိထားသူ၏ ကိုယ်ရေးဖြစ်စဉ်ပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို အတည်ပြုခြင်း၊

( င ) အမြဲနေထိုင်ခွင့်ရရှိသူသေဆုံးခြင်း၊ အမြဲနေထိုင်ခွင့်လက်မှတ် ပြန်လည်အပ်နှံခြင်းနှင့် သက်ဆိုင်သော မှတ်တမ်းများ ထိန်းသိမ်းခြင်း၊

( စ ) အမြဲနေထိုင်ခွင့်ရရှိသူအတွက် ဥပဒေကသတ်မှတ်ထားသော အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) အမြဲနေထိုင်ခွင့်ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်းဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရန်ကြီးကြပ်ခြင်း၊

( ဇ ) ဝန်ကြီးဌာန၊ အကောင်အထည်ဖော်ရေးဗဟိုကော်မတီက ထုတ်ပြန်ထားသော တားမြစ်ချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များကို သက်ဆိုင်သူများ သိရှိနားလည်လက်ခံနိုင်ရေးအတွက် စီမံခန့်ခွဲခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) ကျွမ်းကျင်မှုနှင့် ပညာအရည်အချင်းရှိသူများအား ရွေးချယ်ရာတွင် အထောက်အကူပြုနိုင်ရန်လိုအပ်သော ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များကို ခေါ်ယူဆွေးနွေး၍ အကြံဉာဏ်ရယူခြင်း၊

(ည) ဝန်ကြီးဌာနနှင့် အကောင်အထည်ဖော်ရေးဗဟိုကော်မတီတို့က အခါအားလျော်စွာပေးအပ်သော နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၇၄/၂၀၂၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ
နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာအကောင်အထည်ဖော်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

### ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဃ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကျဉ်းဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(စ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဋ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(ဌ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဍ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

(ဎ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

(ဏ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(တ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ထ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

| | | |
|---|---|---|
| ( ဓ ) | ကိုယ်စားလှယ်တစ်ဦး<br>တပ်အင်အားဖြည့်တင်းရေး ညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( န ) | ညွှန်ကြားရေးမှူး<br>နေပြည်တော်ကောင်စီ လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ပ ) | ညွှန်ကြားရေးမှူး<br>ကချင်ပြည်နယ် လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဖ ) | ညွှန်ကြားရေးမှူး<br>ကယားပြည်နယ် လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဗ ) | ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ် လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | ညွှန်ကြားရေးမှူး<br>ချင်းပြည်နယ် လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( မ ) | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | ညွှန်ကြားရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ရ ) | ညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (လ) | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဝ ) | ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (သ) | ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဟ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဠ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(အ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ကက) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခခ) ကိုယ်စားလှယ် (၅) ဦး — အဖွဲ့ဝင်
ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက်
ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအဖွဲ့အစည်းများနှင့်
အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊
စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ

(ဂဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) — အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ကော်မတီ၏သက်တမ်းသည် နောက်ထပ်အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမပြုမီအထိ တည်ရှိစေရမည်။

၃။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကလေးသူငယ်၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကလေးသူငယ်၏အကျိုးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ကလေးသူငယ်မှုခင်းများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီအဆင့်ဆင့်အကြား လိုအပ်သည့် ချိတ်ဆက်ညှိနှိုင်းမှုများ ဆောင်ရွက်ခြင်း၊

(င) ကလေးသူငယ်များအပေါ် ကျူးလွန်သော ပြစ်မှုများနှင့်စပ်လျဉ်း၍ ထိရောက်သော ပြစ်ဒဏ်သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) သက်ဆိုင်ရာဌာနများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် သင်တန်းများစီစဉ်ပေးခြင်း၊ ကလေးသူငယ်ဆိုင်ရာ အရေးကိစ္စများ ဆောင်ရွက်နေကြသည့် ဆက်စပ်ဌာနများရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် သင်တန်းများ စီစဉ်ပေးခြင်း၊

(ဆ) လိုအပ်သော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဆပ်ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဇ) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှု နိုင်ငံအဆင့် အစီရင်ခံစာ ပြုစုရေးသားခြင်း၊

(ဈ) လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ အမျိုးသားကော်မတီသို့ အစီရင်ခံစာ တင်ပြခြင်း၊

(ည) အမျိုးသားကော်မတီက အခါအားလျော်စွာပေးအပ်သော ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၄။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ
ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်)

### ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးလှစိုး | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်သန်းဦး | စီးပွားရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးအောင်ဝင်းသိန်း | လူမှုရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ရဲမှူးချုပ်မျိုးမင်းထိုက် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဦးစိုးစိုးဇော် | အတွင်းရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးကျော်မင်း | ဌာနမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ခင်သီတာတင် | တိုင်းဒေသကြီးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်နန်းလောင်ဝ်ငင်း | ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးလင်းထိန် | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် တွဲဖက်အတွင်းရေးမှူး-၂ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ည) | ဒေါ်သိင်္ဂီလင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အတွင်းရေးမှူး ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) | အဖွဲ့ဝင် |
| (ဋ) | ဒေါ်နှင်းသက်ကျော်နိုင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အဖွဲ့ဝင်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း | အဖွဲ့ဝင် |
| (ဌ) | ဦးမောင်မောင်အေး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဒုတိယဥက္ကဋ္ဌ၊ ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဍ) | ဦးညိုအေး | တာဝန်ခံ၊ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

**ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဒုတိယဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်သော ဗိုလ်မှူးကြီး လှမျိုးရွှေ၊ အဖွဲ့ဝင် (၁)၊ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးတင်ဦး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်ပါဝင်သော

ဒေါ်မော်လီဝင်း၊ ဒုတိယတိုင်းဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန **အစား** ဦးတင့်လွင်ဦး၊ ဒုတိယတိုင်းဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကိုလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၁)

## ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် (၃) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်များအဖြစ်ပါဝင်သော ဦးအောင်မြင့်၊ ညွှန်ကြားရေးမှူး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး **အစား** ဦးအောင်မြင့်၊ လူမှုရေးရာဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုလည်းကောင်း၊ ဦးသောင်းတင်ထွေး၊ ညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန **အစား** ဦးအေးနိုင်၊ ညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုလည်းကောင်း၊ ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန **အစား** ယာယီရဲမှူးကြီး မြင့်ကျော်၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ကိုလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

## မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၄) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဦးတင့်လွင်၊ ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးတင့်လွင်၊ ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်သော ဦးစိုးပိုင်မြင့်၊ အဖွဲ့ဝင် (၄)၊ မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးအောင်ချိန်၊ စီးပွားရေးရာဝန်ကြီး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်ပါဝင်သော ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်းကောင်း၊ ဦးဌေးမောင်၊ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာန **အစား** ဦးကျော်မင်းသိန်း၊ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာနကိုလည်းကောင်း၊ ဦးညွန့်နိုင်၊ တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန **အစား** ရဲအုပ်ကျော်မင်းမောင်၊ ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့၊ ဗိသနိုးတပ်ဖွဲ့စု၊ မကွေးတိုင်းဒေသကြီးကိုလည်းကောင်း၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် (၁) ဦးနေရာတွင် ဦးအောင်ကိုကျော်၊ မင်းမင်းစားသောက်ဆိုင်ပိုင်ရှင်ကိုလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၁)

## တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဦးတင်အောင်၊ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးမြတ်ကို၊ ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်သော ဦးယဉ်ထွေး၊ အဖွဲ့ဝင် (၄)၊ တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးမောင်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

## မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဦးမောင်ကို၊ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဝဏ္ဏကျော်ထင် ဦးမောင်ကို၊ ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်သော ဦးသိန်းဋ္ဌေး၊ အဖွဲ့ဝင် (၄) မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးသိန်းဋ္ဌေး၊ စီးပွားရေးရာဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်ပါဝင်သော ရဲမှူးချုပ် စိန်လွင်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး **အစား** ရဲမှူးကြီးမောင်မောင်အေး၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးကိုလည်းကောင်း၊ ဦးကျော်ယဉ်ဦး၊ ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန **အစား** ဦးဇော်ဝင်းမြင့် ဒုတိယညွှန်ကြားရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနကိုလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၁)

## နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် (၅)ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်များအဖြစ် ပါဝင်သော ဦးဇော်မျိုးလွင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ နေပြည်တော်သစ်တောဦးစီးဌာန **အစား** ရဲမှူးကြီး ကိုကိုလွင်၊ တပ်ဖွဲ့မှူး၊ နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးကိုလည်းကောင်း၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင် (၁) ဦးနေရာတွင် ဦးဇော်တောင်၊ ဒါရိုက်တာ၊ New Aye Yar Co., Ltd ကိုလည်းကောင်း၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် (၃) ဦးနေရာတွင် ဒေါ်ဥမ္မာစိန်ဝင်း၊ အထွေထွေမန်နေဂျာ၊ Aureum Palace Hotel (Naypyitaw)၊ ဦးဝင်းမြတ်ထွန်း၊ မန်နေးဂျင်းဒါရိုက်တာ Dreams 1000 Co., Ltd (Naypyitaw) နှင့် ဦးသက်ဇော်အောင်၊ လက်ထောက်အထွေထွေမန်နေဂျာ၊ New Aye Yar Hotel (Naypyitaw) တို့ကိုလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၁)

### ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဒုတိယဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်သော ဦးရဲထွန်းဦး၊ အဖွဲ့ဝင် (၃)၊ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးစောခင်မောင်မြင့်၊ စီးပွားရေးရာဝန်ကြီး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ကိုလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်ပါဝင်သော ဦးတင့်ဝေသုံ၊ ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးတင့်ဝေသုံ၊ ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ကိုလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

### တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင်အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော ဦးမြင့်သိန်းထွန်း၊ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန **အစား** ဦးမောင်မောင်ဝင်း (၂)၊ ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သစ်တောဦးစီးဌာနကို အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၁)

### ချင်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် (၃) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် ချင်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဦးငွန်ဆန်းအောင်၊ ဥက္ကဋ္ဌ၊ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးငွန်ဆန်းအောင်၊ ဝန်ကြီးချုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ်ပါဝင်သော ဦးကျော်ငြိမ်း၊ အဖွဲ့ဝင် (၃)၊ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးဟန်ကျင့်ဇမ်း၊ စီးပွားရေးရာဝန်ကြီး၊ ချင်းပြည်နယ်အစိုးရအဖွဲ့ကိုလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်ပါဝင်သော ဦးမောင်မောင်ဆန်း၊ အတွင်းရေးမှူး၊ ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ **အစား** ဦးမောင်မောင်ဆန်း၊ အတွင်းရေးမှူး၊ ချင်းပြည်နယ်အစိုးရ အဖွဲ့ကိုလည်းကောင်း၊ ဦးမြင့်ကြိုင်၊ ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်း ဦးစီးဌာန **အစား** ရဲမှူးကြီး စိုးလွင်မိုး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ချင်းပြည်နယ်ရဲတပ်ဖွဲ့ကိုလည်းကောင်း၊ ဦးကျော်မင်းသိန်း၊ ညွှန်ကြားရေးမှူး၊ ပြည်နယ်သစ်တောဦးစီးဌာန **အစား** ဦးကျော်မျိုးထွေး၊ ညွှန်ကြားရေးမှူး၊ ပြည်နယ်သစ်တောဦးစီးဌာနကိုလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ဒေါက်တာ ဌေးအောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

**စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်း**

၁။ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်–

(က) ဝန်ကြီးချုပ် — ဥက္ကဋ္ဌ
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) လူမှုရေးရာဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့

(ဃ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန၊ မုံရွာမြို့

(င) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မုံရွာမြို့

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေး
ညွှန်ကြားမှုဦးစီးဌာန၊ မုံရွာမြို့

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ မုံရွာမြို့

(ဇ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မုံရွာမြို့

(ဈ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မုံရွာမြို့

(ည) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန၊ မုံရွာမြို့

( ဋ ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ ရွှေဘိုမြို့
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူ

( ဌ ) ခရိုင်ဥပဒေအရာရှိ — အဖွဲ့ဝင်
ခရိုင်ဥပဒေရုံး၊ ရွှေဘိုမြို့
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူ

( ဍ ) ခရိုင်ဦးစီးမှူး — အဖွဲ့ဝင်
ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရွှေဘိုမြို့
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူ

( ဎ ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဝက်လက်မြို့
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဏ) အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ဟန်လင်းကျေးရွာ၊ ဝက်လက်မြို့
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(တ) ဦးညွန့်ဝင်း — အဖွဲ့ဝင်
အဖွဲ့ဝင်
ဟန်လင်းကျေးရွာ၊ ဝက်လက်မြို့
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ထ) ဦးခင်အောင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
ဟန်လင်းမြို့ဟောင်းထိန်းသိမ်းရေးနှင့် စောင့်ရှောက်ရေးအဖွဲ့
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

( ဒ ) ဦးတိုးမြင့် — အဖွဲ့ဝင်
အတွင်းရေးမှူး
ဟန်လင်းမြို့ဟောင်းထိန်းသိမ်းရေးနှင့် စောင့်ရှောက်ရေးအဖွဲ့
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

( ဓ ) ဒုတိယညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ
ဟန်လင်းဌာနစုတာဝန်ခံ

၂။ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၁)

## ပဲခူးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်း

၁။ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **ပဲခူးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေးရာဝန်ကြီး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေး<br>ညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |

(ဋ) ဦးကျော် (မောင်ယဉ်လိုင်း-ပျဉ်းမမြိုင်) — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဌ) ဦးရဲဝင်းထွဋ်၊ ဧည့်လမ်းညွှန် — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဍ) ဦးမြဝင်း — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဎ) ဦးဝင်းမြင့် — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဏ) ဒုတိယညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ
သရေခေတ္တရာဌာနစုတာဝန်ခံ

၂။ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၁)

## မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်း

၁။ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီးချုပ် — ဥက္ကဋ္ဌ
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) လူမှုရေးရာဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန

| | | |
|---|---|---|
| (င) | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေး<br>ညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးဦးစီးမှူး<br>မကွေးတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန<br>ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းရင်းသားများအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဍ) | ဦးဝင်းခိုင်<br>အင်းရွာကြီးကျေးရွာအုပ်စု၊ တောင်တွင်းကြီးမြို့နယ်<br>ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (ဎ) | ဦးစိုးပိုင်<br>ပျားတုကျေးရွာအုပ်စု၊ တောင်တွင်းကြီးမြို့နယ်<br>ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (ဏ) | ဦးမြင့်ထွေး<br>လက်ပံရှည်ကျေးရွာအုပ်စု၊ တောင်တွင်းကြီးမြို့နယ်<br>ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (တ) | ဒုတိယညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ<br>ဗိဿနိုးဌာနစုတာဝန်ခံ | အတွင်းရေးမှူး |

၂။ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၁)

## မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်း

၁။ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

| | |
|---|---|
| (က) ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) လူမှုရေးရာဝန်ကြီး<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) ခရိုင်အုပ်ချုပ်ရေးမှူး<br>ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) ခရိုင်ဥပဒေအရာရှိ<br>ညောင်ဦးခရိုင်ဥပဒေအရာရှိရုံး | အဖွဲ့ဝင် |
| (ဋ) ဦးမျိုးညွန့်၊ ညွှန်ကြားရေးမှူး (ငြိမ်း)<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူ | အဖွဲ့ဝင် |

(ဌ) ဦးမျိုးညွန့်အောင်၊ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူ

(ဍ) ဦးသန်းဌေး၊ နံရံပန်းချီကျွမ်းကျင်သူ — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူ

(ဎ) ဦးတင်ညွန့်၊ ဒေသခံ — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဏ) ဦးခင်မောင်ထွေး၊ ဒေသခံ — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(တ) ဦးလှတိုး၊ ဒေသခံ — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ထ) ဦးဇော်ဝင်းချို၊ ဒေသခံ — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဒ) ဦးတင်စိုးဦး၊ ဒေသခံ — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဓ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ပုဂံဌာနခွဲတာဝန်ခံ

၂။ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၁)

## ရခိုင်ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းခြင်း

၁။ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ (က) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **ရခိုင်ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်–

(က) ဝန်ကြီးချုပ် — ဥက္ကဋ္ဌ
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

| | | |
|---|---|---|
| (ခ) | လူမှုရေးရာဝန်ကြီး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူး၊ (ပြည်နယ်ဦးစီးမှူး)<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူး၊ (ပြည်နယ်ဦးစီးမှူး)<br>ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်ဆန်း<br>ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဌ) | ဦးရွှေကျော်ဦး<br>ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဍ) | ဦးအောင်လှသိန်း<br>ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဎ) | ဦးကျော်မောင်<br>ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (ဏ) | ဦးသန်းမြင့်<br>ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (တ) | ဦးဇော်ထွန်း<br>ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |

(ထ) ဦးသန်းစိုး အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဒ) ဦးကျော်သာညွန့် အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဓ) ညွှန်ကြားရေးမှူး အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
မြောက်ဦးဌာနခွဲတာဝန်ခံ

၂။ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ကိုကို
ဥက္ကဋ္ဌ
အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်များပြင်ဆင်ဖွဲ့စည်းခြင်း

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သော **ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ** တွင် အောက်ပါအဖွဲ့ဝင်များကို ယှဉ်တွဲပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (၁) | ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | **အစား** | ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| (၂) | ညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | **အစား** | ညွှန်ကြားရေးမှူး<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |

| | | | |
|---|---|---|---|
| (၃) | ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | **အစား** | ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၄) | ညွှန်ကြားရေးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | **အစား** | ညွှန်ကြားရေးမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၅) | ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | **အစား** | ညွှန်ကြားရေးမှူး<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |

ဒေါက်တာသက်သက်ခိုင်

ဥက္ကဋ္ဌ

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု
တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ
အမျိုးသားအဆင့်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

## လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် နိုင်ငံသားအားလုံး လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) တို့အရ **လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်–

(က) **နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ကောင်စီ၊ အဖွဲ့ဝင် (၁) | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၅) | ညွှန်ကြားရေးမှူး<br>နေပြည်တော်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>နေပြည်တော်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးစီးမှူး<br>နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးစီးမှူး<br>နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးစီးမှူး<br>နေပြည်တော်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးစီးမှူး<br>နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်<br>စာရင်းအင်းဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

**( ခ ) တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၃) | တိုင်းစစ်ဌာနချုပ်များမှ ဦးစီးအရာရှိ (ပထမတန်း)<br>စစ်ထောက် (လုပ်ငန်း) များ | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၁) | တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

**( ဂ ) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

| | | |
|---|---|---|
| (၁) | ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ခရိုင်ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ခရိုင်ဦးစီးမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ခရိုင်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ခရိုင်ဦးစီးမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ခရိုင်ဦးစီးမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

**(ဃ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

| | | |
|---|---|---|
| (၁) | မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဦးစီးမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | မြို့နယ်ဦးစီးမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တောင်သူလယ်သမား ကိုယ်စားလှယ် (၅) ဦး | အဖွဲ့ဝင် |
| (၈) | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

**( င ) ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

| | | |
|---|---|---|
| (၁) | ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ရပ်ကွက်/ကျေးရွာရပ်မိရပ်ဖ (၂) ဦး | အဖွဲ့ဝင် |
| (၃) | တောင်သူလယ်သမားကိုယ်စားလှယ် (၃) ဦး | အဖွဲ့ဝင် |
| (၄) | ရပ်ကွက်/ကျေးရွာအုပ်စုစာရေးဝန်ထမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ရပ်ကွက်/ကျေးရွာအုပ်စုမြေတိုင်းစာရေး | အတွင်းရေးမှူး |

(သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကိုယ်စားလှယ် တို့အား ရပ်ကွက်/ ကျေးရွာအုပ်စု တာဝန်ခံများရှိခဲ့ပါက ထည့်သွင်းဖွဲ့စည်းရန်)

၂။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄/ ၂၀၂၁)

## လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း

၁။ လယ်ယာမြေဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

၂။ လယ်ယာမြေဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်တို့အရ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအရ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်ရန် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

**(က) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

(၁) ကျေးလက်ဒေသများနှင့် မြို့ပြဒေသများတွင် တိုးတက်လျက်ရှိသော လူဦးရေနှင့် တိုးပွားလာသော အိမ်ထောင်စုများ အိမ်ရာတည်ဆောက်နိုင်ရန် ကျေးလက်နှင့် မြို့ပြအိမ်ရာ စီမံကိန်းများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဥ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့က အတည်ပြုနိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(၂) ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး၊ သုသာန်၊ သာသနာမြေနှင့် အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာမြေကို အသုံးပြုရန် ကိစ္စနှင့်စပ်လျဥ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အတည်ပြုနိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(၃) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် လိုအပ်သည့် လယ်ယာသုံးစက်နှင့် စက်ကိရိယာများထားရှိခြင်း၊ ဆန်စက်များ၊ ဆီစက်များ၊ ပဲခွဲစက်များ စသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော စက်ရုံများ၊

သီးနှံသိုလှောင်သည့် ဂိုဒေါင်များ လိုအပ်သော ကုန်ထုတ်လမ်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အတည်ပြုနိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(၄) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူပြောင်းနိုင်ရန် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အတည်ပြုနိုင်ရေးအတွက် စိစစ်တင်ပြခြင်း၊

(၅) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်၍ သတ်မှတ်သည့် ရက်အတွင်း အယူခံဝင်ရောက်လာသော ကိစ္စများနှင့်ပတ်သက်၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ဆုံးဖြတ်ချက် အမိန့်ချမှတ်ခြင်း၊

(၆) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများအား အပြီးအပြတ် ဆုံးဖြတ်ချက်အမိန့်ချမှတ်ဆောင်ရွက်ပြီးနောက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ပါ အမည်၊ တည်နေရာ၊ ဧရိယာပြုပြင်ပြောင်းလဲရန် လိုအပ်ပါက မူလလုပ်ပိုင်ခွင့်ပြုလက်မှတ်ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများကို ဆောင်ရွက်ခြင်း၊

(၇) လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တို့၏ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့် အယူခံမှုများ လက်ခံစစ်ဆေးဆောင်ရွက်ပြီးစီးမှု အမှုလက်ကျန်စာရင်းတို့ကို အဆင့်ဆင့်စုစည်းစိစစ်ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လစဉ်အစီရင်ခံစာ ပေးပို့တင်ပြခြင်း၊

(၈) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူမှ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် တင်ပြလျှောက်ထားမှုအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်း အကြောင်းကြားချက်ကို ရရှိသည့်အခါ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊

(၉) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့် ရရှိထားသူများမှ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ပြီးနောက် လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန်အတွက် တင်ပြလျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုကြောင်း သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊

(၁၀) နိုင်ငံတော်အတွက် နိုင်ငံတော်အကျိုးငှာ လယ်ယာမြေသိမ်းယူသည့် ကိစ္စရပ်များတွင် နစ်နာကြေးနှင့် လျော်ကြေးရထိုက်ခွင့်ရှိသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား နစ်နာကြေးနှင့် လျော်ကြေးပေးရေးတို့အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့၏ စိစစ်တွက်ချက် တင်ပြလာမှုများအပေါ်စိစစ်ပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၁) လယ်ယာမြေသိမ်းယူခြင်းခံရသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ နစ်နာမှုမရှိစေရေးအတွက် နစ်နာကြေး၊ လျော်ကြေးပေးခြင်းနှင့် အခြားသင့်လျော်သည့် နည်းလမ်းဖြင့် စီမံဆောင်ရွက်ပေးခြင်းတို့အပေါ် ကျေနပ်မှုမရှိ၍ တိုင်ကြားလာမှုများအား ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ပြီးပြတ်အောင် စိစစ်ဆုံးဖြတ်ဆောင်ရွက်ပေးခြင်း၊

(၁၂) နိုင်ငံတော်၏ စားရေရိက္ခာဆန်ဖူလုံရေးအတွက် သီးနှံပုံစံ ပြောင်းလဲစိုက်ပျိုးလိုမှုများကို ကြီးကြပ်ခြင်း၊ ဒေသအတွင်း သီးနှံပြောင်းလဲစိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ အဆင့်ဆင့်စိစစ်အတည်ပြုပြီး စိုက်ပျိုးရေး ကိန်းဂဏန်းမှန်ကန်စွာဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၃) လယ်မြေတွင် ရာသီသီးနှံမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန်လျှောက်ထားသည့် ကိစ္စများအပေါ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်ပြုတင်ပြခြင်း၊ လယ်မြေမှတစ်ပါး လယ်ယာမြေတွင် ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ အဆင့်ဆင့်တင်ပြလာသည့် အချက်အလက်များကို စိစစ်ပြီး သီးနှံပြောင်းလဲစိုက်ပျိုးခြင်းအတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(၁၄) လယ်မြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်ပြု၍ တင်ပြခြင်း၊

(၁၅) လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်ပြု၍ တင်ပြခြင်း၊

(၁၆) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပြုထားသည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို ကွင်းဆင်းစစ်ဆေးတင်ပြစေပြီး၊ ယင်းစစ်ဆေးတွေ့ရှိချက်ကို ဓာတ်ပုံမှတ်တမ်းများနှင့်အတူ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခြင်း အခြေအနေ စိစစ်တွေ့ရှိချက် (ပုံစံ-၁၆) ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ (၆) လ တစ်ကြိမ် တင်ပြခြင်း၊

(၁၇) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ရရှိထားသူသည် ခွင့်ပြုသည့်နေ့ရက်မှ (၆) လအတွင်း သတ်မှတ်သည့်နည်းလမ်းအတိုင်း စတင်အသုံးမပြုကြောင်းသော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိကြောင်းသော်လည်းကောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ အမှုတွဲဖွင့်လှစ်တင်ပြမှုအပေါ် အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၈) လယ်ယာမြေဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရုပ်သိမ်းခြင်းနှင့် ပုဒ်မ ၃၇ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရုပ်သိမ်းခြင်းကိစ္စများအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အတည်ပြုနိုင်ရေးအတွက် သဘောထားမှတ်ချက်ဖြင့် စိစစ်တင်ပြခြင်း၊

(၁၉) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လယ်ယာမြေလုပ်ပိုင်ခွင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရဘဲ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်းသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုနိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(၂၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အချင်းချင်းအငြင်းပွားသည့် မြေနုကျွန်းမြေများနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူခြင်း၊

(၂၁) မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို စီမံခန့်ခွဲရာတွင် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(၂၂) လယ်ယာမြေဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်ခြင်းနှင့် ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၂၃) ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ဒေသဓလေ့ ထုံးတမ်းအစဉ်အလာများနှင့် အညီဖြစ်စေရန် လုပ်ထုံးလုပ်နည်းများအား ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အဆိုပြုတင်ပြခြင်းနှင့် ချမှတ်ထားသော မူဝါဒများနှင့်အညီ ထုတ်ပြန်သော ညွှန်ကြားချက်များအား လိုက်နာစေရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(၂၄) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## ( ခ ) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

(၁) ကျေးလက်ဒေသများနှင့် မြို့ပြဒေသများတွင် တိုးတက်လျက်ရှိသော လူဦးရေနှင့် တိုးပွားလာသော အိမ်ထောင်စုများအတွက် အိမ်ရာတည်ဆောက်ရန် လိုအပ်ချက်အရ လယ်ယာမြေကို အသုံးပြုရန် ကျေးလက်နှင့် မြို့ပြအိမ်ရာ စီမံကိန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြခြင်း၊

(၂) ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး၊ သုသာန်၊ သာသနာ မြေနှင့် အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ် တင်ပြခြင်း၊

(၃) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် လိုအပ်သည့် လယ်ယာသုံးစက်နှင့် စက်ကိရိယာများထားရှိခြင်း၊ ဆန်စက်များ၊ ဆီစက်များ၊ ပဲခွဲစက်များ စသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော စက်ရုံများ၊ သီးနှံသိုလှောင်သည့် ဂိုဒေါင်များ လိုအပ်သောကုန်ထုတ်လမ်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြခြင်း၊

(၄) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာ စနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြခြင်း၊

(၅) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်၍ မြေယာအယူခံ ဝင်ရောက်လာသော ကိစ္စများနှင့်စပ်လျဉ်း၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ဆုံးဖြတ်ချက်အမိန့်ချမှတ်ခြင်း၊

(၆) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်အမိန့်ချမှတ်ဆောင်ရွက်ပြီးနောက် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ကာလအတွင်း အယူခံဝင်ရောက်ခြင်းမရှိသည့် အငြင်းပွားမှုများအား မြေယာမှုခင်း ဆုံးဖြတ်ချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ပါ အမည်၊ တည်နေရာ၊ ဧရိယာပြုပြင် ပြောင်းလဲရန် လိုအပ်ပါက မူလလုပ်ပိုင်ခွင့်ပြု လက်မှတ်ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊

(၇) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့က တင်ပြသည့် လယ်ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါ ထပ်ဆင့် စိစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး သတ်မှတ်ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊

(၈) လယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည်သိမ်းယူသော လယ်ယာမြေနှင့် နိုင်ငံတော်က အခါအားလျော်စွာ အသစ်ဖော်ထုတ်သော လယ်ယာမြေများနှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိလိုသူက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် လျှောက်ထားမှုများနှင့်ပတ်သက်ပြီး မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က စိစစ်တင်ပြချက်များအပေါ် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊

(၉) မြေနုကျွန်းမြေလုပ်ပိုင်ခွင့် ချထားရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့၏ ညှိနှိုင်းစိစစ်တင်ပြချက်များအပေါ် အတည်ပြု သတ်မှတ်ပေးခြင်း၊

(၁၀) မြေနုကျွန်းမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ မြို့နယ်တစ်ခုအတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအချင်းချင်း အငြင်းပွားခြင်းဖြစ်ပါက ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့နှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တို့၏ ညှိနှိုင်းစိစစ်တင်ပြချက်များအပေါ် ထပ်ဆင့် စိစစ်၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြ အဆုံးအဖြတ်ရယူခြင်း၊

(၁၁) နိုင်ငံတော်အတွက် နိုင်ငံတော်အကျိုးငှာ လယ်ယာမြေသိမ်းယူသည့် ကိစ္စရပ်များတွင် နစ်နာကြေးနှင့် လျော်ကြေးရထိုက်ခွင့်ရှိသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား နစ်နာကြေးနှင့် လျော်ကြေး ပေးရေးတို့အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်တွက်ချက် တင်ပြလာမှုများအပေါ် ထပ်ဆင့်စိစစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၂) ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားချက် နှင့်စပ်လျဉ်း၍ လယ်ယာမြေတွင် သီးနှံပြောင်းလဲစိုက်ပျိုးရန် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက် တင်ပြခြင်း၊

(၁၃) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်တင်ပြချက်များအပေါ် သဘောထားမှတ်ချက်ပြု၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၄) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပြုထားသည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်ကို ဓာတ်ပုံမှတ်တမ်းများနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၅) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ရရှိထားသူသည် ခွင့်ပြုသည့်နေ့ရက်မှ (၆) လအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင်အသုံးမပြုကြောင်းသော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိကြောင်းသော်လည်းကောင်း အဆင့်ဆင့်စိစစ်တွေ့ရှိချက်များအပေါ် အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၆) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူက လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် တင်ပြလျှောက်ထားမှုများနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်း တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အကြောင်းကြားသည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊

(၁၇) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်ရရှိထားသူများမှ သတ်မှတ်စည်းကမ်းများနှင့်အညီ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ပြီးနောက် လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန်အတွက် တင်ပြလျှောက်ထားမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်း အကြောင်းကြားချက်ကို ရရှိသည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊

(၁၈) ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ တင်ပြလာမှုများအပေါ် စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း နှင့် ချမှတ်ထားသော မူဝါဒများနှင့်အညီ ထုတ်ပြန်သော ညွှန်ကြားချက်များအား လိုက်နာစေရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(၁၉) လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်မရရှိဘဲ ကျူးကျော်အသုံးချ လုပ်ကိုင်မှုများ၊ အဆောက်အအုံ ဆောက်လုပ်မှုများအတွက် အရေးယူဆောင်ရွက်ရန် မြို့နယ် သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအား ကြီးကြပ်လမ်းညွှန်ခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(၂၀) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့် အယူခံမှုများ လက်ခံစစ်ဆေးဆောင်ရွက်ပြီးစီးမှု အမှုလက်ကျန်စာရင်းတို့ကို စုစည်းစိစစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လစဉ်အစီရင်ခံစာ ပေးပို့တင်ပြခြင်း၊

(၂၁) လယ်ယာမြေဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရုပ်သိမ်းခြင်းနှင့် ပုဒ်မ ၃၇ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရုပ်သိမ်းခြင်းကိစ္စများအတွက် သဘောထားမှတ်ချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၂၂) လယ်ယာမြေဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်ခြင်း၊

(၂၃) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## (ဂ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

(၁) မြို့နယ်ဦးစီးဌာနရုံးမှ တင်ပြလာသည့် လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲများကို စိစစ်၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြခြင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း၊

(၂) ပြန်လည်သိမ်းယူသော လယ်ယာမြေ၊ အသစ်ဖော်ထုတ်သော လယ်ယာမြေများနှင့်စပ်လျဉ်း၍ လျှောက်ထားနိုင်ကြောင်း အများပြည်သူ သိရှိရန်ကြေညာခြင်း၊ လျှောက်ထားခြင်းများအပေါ် မြို့နယ်ဦးစီးဌာနရုံးက စိစစ်တင်ပြသော လုပ်ငန်းစာတွဲများကို ထပ်မံစိစစ်ပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခံရသူထံ ငြင်းပယ်ကြောင်း အကြောင်းကြားစာပေးပို့ခြင်း၊

(၃) လယ်ယာမြေလုပ်ပိုင်ခွင့် ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း၊ လွှဲပြောင်းလက်ခံခြင်းများနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ စစ်ဆေးတင်ပြသော လုပ်ငန်းစာတွဲများကို ထပ်ဆင့်စိစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(၄) လယ်ယာမြေလုပ်ပိုင်ခွင့် အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ သဘောထားမှတ်ချက်ဖြင့် တင်ပြလာသော လုပ်ငန်းစာတွဲများကို ထပ်ဆင့်စိစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ အမည်ပြောင်းလဲခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ နည်းဥပဒေနှင့်အညီ မှတ်တမ်းတင်ပြီးကြောင်း တင်ပြချက်ကို လက်ခံရရှိသောအခါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း၊ ဆောင်ရွက်ပြီးစီးမှုကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၅) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူ၏ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် လျှောက်ထားချက်များအား စိစစ်ခွင့်ပြုကြောင်း အကြောင်းကြားချက်ကို မြို့နယ်ဦးစီးဌာနရုံးနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်သို့ အကြောင်းကြားခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ မိတ္တူပေးပို့ခြင်း၊ ဆက်လက်အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ နည်းဥပဒေနှင့်အညီ စိစစ်တင်ပြချက်များအရ လျှောက်ထားသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်း၊

(၆) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးအတွက် လုပ်ပိုင်ခွင့်ရရှိထားသူများက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမှ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားပြီးနောက် စိစစ်ခွင့်ပြုကြောင်း အကြောင်းကြားချက်ကို မြို့နယ်ဦးစီးဌာနရုံးသို့ ဆက်လက်အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်၍ ပြန်လည် တင်ပြချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်း၊

(၇) ပေါင်နှံသော လယ်ယာမြေများနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ စစ်ဆေးတင်ပြလာသော လုပ်ငန်းစာတွဲများကိုစိစစ်၍ ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ သို့မဟုတ် ငြင်းပယ်ကြောင်း နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးနောက် တင်ပြချက်များအရ လျှောက်ထားသူအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း ဆောင်ရွက်ချက်အား ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(၈) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သည့် အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်းမပြုနိုင်ရေး တိကျစွာ ကြီးကြပ်ခြင်း၊

(၉) လယ်ယာမြေကို အခြားနည်း အသုံးပြုရန် ခွင့်ပြုချက်ရရှိသူက သတ်မှတ်ကာလအတွင်း သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးမပြုခြင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးမှု မရှိကြောင်း တွေ့ရှိရခြင်းများအတွက် ယင်းလယ်ယာမြေအား အခြားနည်း အသုံးပြုရန် ခွင့်ပြုချက်ကို ပယ်ဖျက်နိုင်ရန် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၀) လယ်ယာမြေဥပဒေပုဒ်မ ၃၇ အရ ပြစ်မှုထင်ရှားစီရင်ခံရကြောင်း တွေ့ရှိရခြင်းများအတွက် သက်ဆိုင်ရာ လယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်ရေး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၁) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်သည့်ကိစ္စနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်သိမ်းယူနိုင်ရေးတို့အတွက် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ တင်ပြခြင်း၊

(၁၂) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေ စီခန့်ခွဲမှုအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(၁၃) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်အမိန့်ချမှတ်ပြီးနောက် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ကာလအတွင်း အယူခံဝင်ရောက်ခြင်းမရှိသည့် အငြင်းပွားမှုများအား မြေယာမှုခင်း ဆုံးဖြတ်ချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ပါ အမည်၊ တည်နေရာ၊ ဧရိယာ ပြုပြင်ပြောင်းလဲရန် လိုအပ်ပါက မူလလုပ်ပိုင်ခွင့်ပြု လက်မှတ်ကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊

(၁၄) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သိမ်းယူသော လယ်ယာမြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကပေးအပ်ရမည့် နစ်နာကြေးနှင့် လျော်ကြေးတွက်ချက်၍ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၅) မြို့နယ်ဦးစီးဌာနရုံးမှ သဘောထားမှတ်ချက်ပြု တင်ပြလာသော လယ်ယာမြေကို ရာသီသီးနှံ အမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ထပ်ဆင့်စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၆) လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီး ဌာနရုံးမှ သဘောထားမှတ်ချက်ဖြင့် စိစစ်တင်ပြလာသော လုပ်ငန်းစာတွဲများကို ထပ်ဆင့် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၇) လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပြုထားသည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြနိုင်ရေးအတွက် ခွင့်ပြုသည့်နေ့ရက်မှ (၆) လအတွင်း သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးမပြုကြောင်းနှင့်သတ်မှတ်သည့် ကာလအတွင်း လုပ်ငန်းပြီးစီးမှုမရှိကြောင်းတွေ့ရှိပါက သီးခြားကိစ္စတစ်ရပ်အဖြစ် အမှုတွဲဖွင့်လှစ်၍ ကွင်းဆင်းစစ်ဆေးပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဓာတ်ပုံမှတ်တမ်းများနှင့်အတူ တင်ပြခြင်း၊

(၁၈) လယ်ယာမြေကို ခေတ်မီစံပြစက်မှုလယ်ယာအဖြစ်မှ ပြုပြင်ပြောင်းလဲ ဖော်ထုတ်ရာတွင် နယ်နိမိတ်နှင့် ဧရိယာ အတိုး၊ အလျှော့ဖြစ်ပေါ်လာပါက ကွင်းဆင်းစိစစ်ခြင်း၊ မှန်ကန်မှုတစ်စွာ ညှိနှိုင်းဆုံးဖြတ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည်သတ်မှတ်ခွင့်ပြုပေးနိုင်ရန် စိစစ်တင်ပြ ဆောင်ရွက်ခြင်း၊

(၁၉) လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များ အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက် တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်သူအား ပုဒ်မ ၁၉ အရ အမိန့်ချမှတ်ခြင်း၊ အမိန့် လိုက်နာခြင်းမရှိသူအား ပုဒ်မ ၃၅ အရ အရေးယူနိုင်ရေးအတွက် တရားစွဲဆိုခြင်း၊ ထိုသို့ တရားစွဲဆိုမှုကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၂၀) လယ်ယာမြေလုပ်ပိုင်ခွင့်ကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ လယ်ယာမြေ ဥပဒေပုဒ်မ ၃၇ အရ ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် ရဲတပ်ဖွဲ့သို့ တိုင်ကြားခြင်း၊

(၂၁) မြေနုကျွန်းစီမံခန့်ခွဲရာတွင် ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များနှင့်ညှိနှိုင်း၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ဖြင့် မြေနုကျွန်းလုပ်ပိုင်ခွင့် ချထားပေးရမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာများကို အုပ်ချုပ်မှုနယ်မြေအပေါ်အခြေခံ၍ သတ်မှတ်ခြင်း၊ မြေနုကျွန်းမြေအား လယ်ယာမြေနည်းဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ချထားခြင်း၊ မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်းပြုစုခြင်း၊ မြေနုကျွန်းလုပ်ပိုင်ခွင့် အငြင်းပွားမှုများအား ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဖြေရှင်းခြင်း၊

(၂၂) ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကိုခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ ဆောင်ရွက်ချက်များအား စိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(၂၃) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့် အယူခံမှုများ လက်ခံစစ်ဆေး ဆောင်ရွက်ပြီးစီးမှု အမှုလက်ကျန်စာရင်းတို့ကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လစဉ်အစီရင်ခံစာ ပေးပို့ တင်ပြခြင်း၊

(၂၄) လယ်ယာမြေဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူ ဆောက်ရွက်ခြင်း၊

(၂၅) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

(၁) လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာများကို လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း မြို့နယ်ဦးစီးဌာနရုံးသို့ စိစစ်ထောက်ခံချက်ဖြင့် ပေးပို့ခြင်း၊

(၂) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းများအား ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်ကိုက်ညီပါက ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုစေခြင်း၊

(၃) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူနှင့် လုပ်ပိုင်ခွင့်ပြုသည့် လယ်ယာမြေများအား မှတ်တမ်းပြုစုထားရှိရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု မှတ်ပုံတင်စာရင်း (ပုံစံ-၁၁) ကို ဖွင့်လှစ်ထားရှိခြင်း၊

(၄) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ လိုက်နာရမည့် စည်းကမ်းချက်များကို လိုက်နာစေရန်နှင့် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမရှိစေရန် ကြီးကြပ်ခြင်း၊ မလိုက်နာပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အရေးယူနိုင်ရန် တင်ပြခြင်း၊

(၅) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများကို မူလမြေယာမှုခင်းဖွင့်လှစ်၍ စစ်ဆေးဆုံးဖြတ်ခြင်း၊

(၆) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုနှင့်စပ်လျဉ်း၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရောက်နေစဉ်ကာလအတွင်း ယင်းဆုံးဖြတ်ချက်အား လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊

(၇) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူမှ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်းမပြုနိုင်ရေး ကြီးကြပ်ခြင်း၊ ဖောက်ဖျက်ကြောင်းတွေ့ရှိရပါက အရေးယူနိုင်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ချက်ချင်းတင်ပြခြင်း၊

(၈) လယ်ယာမြေတွင် ရာသီသီးနှံမှ အခြားသီးနှံသို့ ပြောင်းလဲစိုက်ပျိုးရန် လျှောက်ထားခြင်းများကို စိစစ်တင်ပြခြင်း၊

(၉) လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားခြင်းများကို စိစစ်တင်ပြခြင်း၊

(၁၀) ကျွဲ၊ နွား စားကျက်များနှင့် ရွာဘုံမြေများကို မပျက်စီးစေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၁၁) မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ချထားခြင်းနှင့်စပ်လျဉ်းပြီး အုပ်ချုပ်မှုနယ်မြေအပေါ်အခြေခံ၍ လုပ်ပိုင်ခွင့်ချထားရမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာများကို သတ်မှတ်နိုင်ရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(၁၂) မြို့နယ်အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအချင်းချင်း မြေနုကျွန်းမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှုများ ပေါ်ပေါက်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့်အတူ ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဖြေရှင်းခြင်း၊

(၁၃) လယ်ယာမြေဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်ခြင်း၊

(၁၄) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

တင်ထွဋ်ဦး
ဥက္ကဋ္ဌ
ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၈၆၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၂၅/၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ကို အောက်ဖော်ပြပါပုဂ္ဂိုလ်ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

**ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၂)**

| **ယခင်အဖွဲ့ခေါင်းဆောင်** | **ပြန်လည်ပြင်ဆင်ဖွဲ့စည်းသည့်အဖွဲ့ခေါင်းဆောင်** |
|---|---|
| ဦးတင်ဇော် | ဦးအောင်ကျော်သူရ |
| ညွှန်ကြားရေးမှူး(ကွယ်လွန်) | ညွှန်ကြားရေးမှူး |
| | ၀၉-၂၅၄၀၅၃၅၁၁ |
| | akty@mofa.gov.mm |

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
ချမ်းအေး (အမြဲတမ်းအတွင်းဝန်)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၅၂၀/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၃၉/၂၀၂၁) အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိုက် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၅၂၁/၂၀၂၁)**

**စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့ Project Management Unit (PMU) ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ ဘဏ္ဍာရေးတောင့်တင်းခိုင်မာပြီး ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မှုစွမ်းအား မြင့်မားသည့် တစ်ခုတည်းသော လက်လီကူးသန်းရောင်းဝယ်ရေးဘဏ် ထူထောင်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၁) ဖြင့်

ဖွဲ့စည်းခဲ့သော စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့နှင့် ၎င်း၏ လုပ်ငန်းတာဝန်များအား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းသတ်မှတ်လိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မိမိခိုင်<br>လက်ထောက်အထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| ( င ) | ဒေါ်သဲစုလှိုင်<br>လက်ထောက်အထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| ( စ ) | ဒေါ်သက်ထားနွယ်<br>မန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ဝါဝါတင်<br>ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အတွင်းရေးမှူး |

၂။ **လုပ်ငန်းတာဝန်များ**

(က) Business Plan အရ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ဥပဒေနှင့်အညီ မြန်မာ့စီးပွားရေးဘဏ်သို့ ရွှေ့ပြောင်းနိုင်ရေး၊ ဘဏ်နှစ်ဘဏ်က လက်ရှိဆောင်ရွက်လျက်ရှိသော ဘဏ်လုပ်ငန်းများ ပူးပေါင်းနိုင်ရေးနှင့် ဘဏ္ဍာရေး တောင့်တင်းခိုင်မာပြီး ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မှု စွမ်းအားမြင့်မားသော ကူးသန်းရောင်းဝယ်ရေးဘဏ် ထူထောင်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

( ခ ) လက်ရှိထုတ်ချေးလျက်ရှိသော ချေးငွေများအပြင် ဈေးကွက်အတွင်း လိုအပ်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ဘက်စုံချေးငွေပုံစံသစ်များအား တီထွင်ထုတ်ချေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

( ဂ ) သတ်မှတ်ထားရှိသော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့များ (Working Teams) အတွက် TOR နှင့် Selection Criteria များ သတ်မှတ်ခြင်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ဝန်ထမ်းများအား လုပ်ငန်းအဖွဲ့များတွင် ရွေးချယ်တာဝန်ပေးအပ်ခြင်းတို့အား ဆောင်ရွက်ရန်၊

(ဃ) အနာဂတ်ဘဏ်အသစ်၏ ဖွဲ့စည်းအုပ်ချုပ်မှု (Corporate Governance)၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု (Risk Management)၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု (Human Resources Development)၊ ဈေးကွက်ချိတ်ဆက်ဆောင်ရွက်မှု (Marketing)၊ ဘဏ်ခွဲများစီမံခန့်ခွဲမှု (Branch Management) တို့အား မူဘောင်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( င ) အနာဂတ်ဘဏ်အသစ်အား မြန်မာနိုင်ငံစာရင်းကိုင်စံ (MFRS) နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး၊ အထူးလိုအပ်လျက်ရှိသည့် CORE Banking System နှင့် Digital Banking System တို့အား အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်များ ရေးဆွဲတင်ပြအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၁)**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးနိုင်ထွန်းဦး အား ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**စက်မှုဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၁)**
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာန/လုပ်ငန်းမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ လစာနှုန်းတူရာထူးများဖြင့် ပြောင်းရွှေ့တာဝန် ထမ်းဆောင်နိုင်ရေးအတွက် တာဝန်ဝတ္တရားများကို စတင်စွန့်လွှတ်သည့်နေ့မှစ၍ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသို့ အပြီးအပိုင်လွှဲပြောင်းပေးလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (၁) | ဦးကျော်စွာအေး | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) နည်းပညာသုတေသနဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန (ရုံးချုပ်) | ဒုတိယညွှန်ကြားရေးမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ငွေတိုက်ဦးစီးဌာန |
| (၂) | ဒေါ်အိအိသန်း | လက်ထောက်မန်နေဂျာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အရည်အသွေးထိန်းသိမ်းရေးဌာန အမှတ်(၂) အကြီးစားစက်မှု လုပ်ငန်း(ရုံးချုပ်) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ငွေတိုက်ဦးစီးဌာန |

ဒေါက်တာချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

### အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။　သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) အား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာဥာဏ်ဝင်းသန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | နည်းပညာ၊ သက်မွေးပညာနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါ်နွယ်နီ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | အဆင့်မြင့်သိပ္ပံနှင့်<br>နည်းပညာဦးစီးဌာန | ဒုတိယ<br>အဖွဲ့ခေါင်းဆောင် |
| (ဂ) | ဒေါက်တာမီမီချိုထွေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | နည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်သူမောင်<br>ညွှန်ကြားရေးမှူး | သုတေသနနှင့်<br>တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒေါက်တာဝင်းကြည်မြ<br>ညွှန်ကြားရေးမှူး | အဆင့်မြင့်သိပ္ပံနှင့်<br>နည်းပညာဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါက်တာအောင်မိုး<br>ညွှန်ကြားရေးမှူး | အဏုမြူစွမ်းအင်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာမြတ်မင်း<br>ညွှန်ကြားရေးမှူး | ဇီဝနည်းပညာသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာသင်းသင်းခိုင်<br>ညွှန်ကြားရေးမှူး | လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်မိုးဦး<br>ညွှန်ကြားရေးမှူး | ဝန်ကြီးရုံး | အဖွဲ့ဝင် |

၂။　သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CUP) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က)　အဂတိလိုက်စားသောပြစ်မှု လုံးဝမကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာ ပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ် ဖော်ထုတ်ရန်၊

(ခ)　ဌာနဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြားချက်များတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ (ဂယ်ပေါက်များ) ရှိ မရှိ ဆန်းစစ်အကဲဖြတ်ရန်၊

( ဂ ) ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ငယ်များ ဖွဲ့စည်းပေးပြီး ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှုဖြစ်နိုင်သော (ဂယ်ပေါက်များ) အား စနစ်တကျ ပိတ်ဆို့ထိန်းချုပ်ရန်အတွက် စည်းမျဉ်းစည်းကမ်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်၊

( င ) အဂတိလိုက်စားမှုဖြစ်ပေါ်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်။

ဒေါက်တာမျိုးသိန်းကျော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

### အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၆၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကျင်းပသော ဌာနရုံး၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၂၁) ဖြင့် အတည်ပြုချက်အရ စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းဝင်း (၅၅၃၉) အား တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၂၅/၂၀၂၁) အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ဒုတိယပါမောက္ခချုပ် (စီမံ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးဇော်မိုးဝင်း အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ဝန်ထမ်းရေးရာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/-) ရာထူးဖြင့် အစမ်းခန့်ထားလိုက်သည်။

သန်းဆွေ
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

မှတ်ပုံတင်အမှတ် – ၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက် (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

အမှတ် ၁၂၀/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

လှသိန်းထွန်း ကြည်း ၇၇၄၂၀

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

အမှတ် ၁၂၃/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

အောင်ကျော်ဦး ကြည်း ၇၇၄၂၁

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်)

အမှတ် ၁၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်စွဲပါ စာအမှတ် – ၁/၀၁/၁၀၀၀(က)/(၇၈၄/၂၀၂၁) အရ ရန်ကုန်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဘူမိဗေဒဌာနခွဲ၊ ညွှန်ကြားရေးမှူးရုံးမှ လစာနှုန်း (၃၄၁,၀၀၀–၄,၀၀၀–၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (ဘူမိ) ဒေါက်တာ ပွင့်သွယ်ဝင်း အား လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀– ၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (ဘူမိ) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ရန်ကုန်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဘူမိဗေဒဌာနခွဲ၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (ဘူမိ) ဒေါက်တာ ပွင့်သွယ်ဝင်း အား မိမိအလုပ်ဝတ္တရားများအပြင် ရန်ကုန်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဘူမိဗေဒဌာနခွဲ၊ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (ဘူမိ) ၏ အလုပ်ဝတ္တရားများကိုပါ ယာယီပူးတွဲထမ်းဆောင်စေလိုက်သည်။

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

အမှတ် ၁၄။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ စီမံ၊ ငွေစာရင်း၊ စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (စက်မှု) ဦးသိန်းမြင့် (အဘ–ဦးဖန်) [နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၁၂/ဥကတ (နိုင်) ၁၂၅၀၁၄] အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်စွဲပါ စာအမှတ်၊ ၁/၀၂/၁၉၀(စ) (၁၃၇၀/၂၀၂၁) အမိန့်ကြော်ငြာစာအမှတ် (၃၁၅/၂၀၂၀) ဖြင့် ခွင့်ပြုချက်အရနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ (၈၁) အရ ၎င်း၏သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့ထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

အဆိုပါ အများပြည်သူအကျိုးငှာငြင်းပယ်ထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ထိ ပြန်လည်ခံစားခွင့်ပြုလိုက်ပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဗိုလ်ဗိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## မြန်မာ့စာတိုက်လုပ်ငန်း

### အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်စွဲပါ စာအမှတ်၊ ဆသ–၁/ ဝထ (ပြောင်းရွှေ့)/ ၂၀၂၁ (၁၂၄၃) အရ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် (ကြည်း) မှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့် ကြည်း ၆၉၅၆၄ ဗိုလ်ကြီး အောင်ပိုင် အား မြန်မာ့စာတိုက်လုပ်ငန်း၊ ရုံးချုပ်၊ ဝန်ထမ်းစီမံခန့်ခွဲမှုနှင့် လေ့ကျင့်ရေးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)၊ လက်ထောက်မန်နေဂျာ ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ (နံနက်ပိုင်း) မှစ၍ ခန့်ထားလိုက်သည်။

ခမ်းအောင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စာတိုက်လုပ်ငန်း

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက် (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**စီအမ်(မ်) ဂျီ – ၇ အက်ဂရီ မြန်မာကုမ္ပဏီ လီမိတက်**

**(CM G–7 AGRI MYANMAR COMPANY LIMITED)**

ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၃၅၇ အရ ဖျက်သိမ်းဆဲ **စီအမ်(မ်) ဂျီ–၇ အက်ဂရီ မြန်မာကုမ္ပဏီ လီမိတက် (CM G–7 AGRI MYANMAR COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှယ်ယာရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | – | (၁၀–၁၂–၂၀၂၁) |
| အစည်းအဝေးကျင်းပမည့်အချိန် | – | (၉:၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | – | အမှတ် (၁–၁၁)၊ ဗဒုံမာအားကစားကွင်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းရှင်းတမ်းနှင့် ရှင်းလင်းချက်များကို တင်ပြပါမည်။

ဦးဝင်းဆွေ
(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၁၀၅၄)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(CM G–7 Agri Myanmar Company Limited)
အမှတ်–၅၉၊ ၄လွှာ၊ ဦးဘဟန်လမ်း၊ (၂) ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–(၉၅၉) ၄၅၁၃၆၀၃၈၉

## SYS CUBE Company Limited

## မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၃၄၈ အရ အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **SYS CUBE Company Limited** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁-၁၂-၂၀၂၁) ရက်နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်နန်းမိုခမ်းအောင် [၁၂/တကန (နိုင်) ၁၄၉၂၂၀] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၃-၁-၂၀၂၂) ရက်နေ့နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်နန်းမိုခမ်းအောင်၏ အထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

Mr. Lim Jae Kun
မန်နေးဂျင်းဒါရိုက်တာ
SYS CUBE Company Limited

ဒေါ်နန်းမိုခမ်းအောင်
၁၂/တကန (နိုင်) ၁၄၉၂၂၀
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၇၃)
အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## Peony Print Company Limited

## နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇ အရ **Peony Print Company Limited** ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်ရာ အစုရှင်များသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်

ကျင်းပမည့်အချိန် - နံနက် (၉:၃၀) နာရီ

ကျင်းပမည့်နေရာ - အမှတ်-၁၅၈၊ မြင်းဝန်ဦးအောင်သူလမ်း၊ စက်မှုဇုန် (၂)၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဦးရှင်ငြိမ်း
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## Azuma Logistics Myanmar Co., Ltd
## ကုမ္ပဏီအားဖျက်သိမ်းကြောင်းကြော်ငြာ
## အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **Azuma Logistics Myanmar Co., Ltd** အား နိုဝင်ဘာလ ၃၀ ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ခင်ချို (ပြည်သူ့စာရင်းကိုင်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထက်နောက်မကျစေဘဲ အောက်ဖော်ပြပါတရားဝင် စာရင်းရှင်းလင်းရေးအရာရှိထံသို့ ဆက်သွယ်ဆောင်ရွက်ရှင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

Mr. Toru Tayama
Director
Azuma Logistics Myanmar Co., Ltd

ဒေါ်ခင်ချို (ပြည်သူ့စာရင်းကိုင်)
B. Com (Q)., CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
၀၉-၄၅၀၀၁၈၉၄၆